ဇန်နဝါရီလ ၂၇ရက်၊ ၂၀၁၇ခုနှစ်

World Relief

ချစ်သောမိတ်ဆွေများ

ဒီနေ့ သမ္မတထရာမ့်၏ အမိန့်ကြေငြာစာကြောင့် ဒုက္ခသည်များအပေါ် အလွန်ခက်ခဲသောသတင်းကို ကျွန်ုပ်တို့လက်ခံ ရရှိခဲ့ပါသည်။ ယူအက်စ်သို့ ဒုက္ခသည်အနေဖြင့် လာရောက်ခဲ့ပါက သူ၏အသစ်သော အမိန့်ကြေငြာစာများကြောင့် သင့်ကိုတိုက်ရိုက် မထိခိုက်နိုင်သော်လည်းဘဲ မိမိ၏ မိသားစု (ဝါ) မိတ်ဆွေများ ယူအက်စ်သို့လာဖို့ရန် ပြင်ဆင်နေသူများနှင့် ဒုက္ခသည်များအဖြစ် လက်ခံပေးခဲ့သောသူများအတွက် ထိခိုက်နိုင်ပါသည်။

ပတ်ဝန်းကျင်အသီးသီးမှ ကွဲပြားသောသတင်းပို့ပေးမှုများနှင့် ကောလဟာလများကြောင့် သင်နှင့် သင့်မိသားစုများအတွက် ပိုမို နားလည်နိုင်ရန် ကျွန်ုပ်တို့မှ ရှင်းလင်းတဲ့လမ်းညွှန်မှုတစ်ချို့ကို ဖြည့်ဆည်းပေးလိုပါသည်။

<u>**သမ္မတထရာမ့်၏ ဒုက္ခသည်များအပေါ် အမိန့်ကြေငြာစာဆိုသည်မှာ**</u>

- ယူအက်စ်အစိုးရသည် မိမိ၏ပြည်ပများမှ လုံခြုံရေးလုပ်ငန်းစဉ်များ သုံးသပ်နေချိန်တွင် ဒုက္ခသည်အသစ်များ ယူအက်စ်သို့ ရက်ပေါင်း (၁၂၀) ခရီးသွားခွင့်မရှိပါ။
- ဒီနှစ်အတွင်းယူအက်စ်သို့ အခြေစိုက်ချထားမည့် ဒုက္ခသည်များပမာဏသည် ၁၁၀,၀၀၀ မှ ၅၀,၀၀၀ သို့ လျှော့ချလိုက်သည်။
- သမ္မတထရာမ့်သည် ဆီးရီးယားဒုက္ခသည်များ အခြေစိုက်ချထားမှုကို အကန့်အသတ်မရှိ လုံးဝရပ်ဆိုင်းထားပြီး၊ သူ (သို့) အနာဂတ်သမ္မတမှ ဘယ်အချိန်တွင် ပြန်လည်တံခါးဖွင့်မည်ကို မိမိတို့ဘက်မှ မပြောနိုင်ပါ။
- လာမည့်ရက်ပေါင်း (၁၂၀)အတွင်း ယူအက်စ်အစိုးရသည် တစ်ချို့နိုင်ငံများ ယူအက်စ်သို့ အခြေချထားမှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက် ချမည်ဖြစ်ပါသည်။ မည့်သည့်နိုင်ငံများ ရပ်ဆိုင်းမည်ကို အစိုးရမှ တရားဝင်မကြေငြာသေးပါ။

<u>**ယူအက်စ်အတွင်း ဒုက္ခသည်များအတွက် ဒီအကြောင်းအရာနှင့် စပ်လျဉ်း၍**</u>

- အမေရိကန်ပြည်ထောင်စုအတွင်း နေထိုင်သောဒုက္ခသည်များသည် လုံခြုံမှုရှိပြီး ဥပဒေမှ ကာကွယ်မှုပေးခဲ့ကာ၊ ယူအက်စ်နိုင်ငံသားများကဲ့သို့ တူညီသောအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ ရှိပါသည်။
- ဒုက္ခသည်အခြေအနေလည်း သက်တန်းကုန်ဆုံးမည်မဟုတ်ပါ။ သို့သော် မိမိတို့ဘက်မှ (ရောက်ရှိပြီး တစ်နှစ်အတွင်း) အစိမ်းရောင်ကဒ်များ လျှောက်ထားရန်နှင့် (ရောက်ရှိပြီး ငါးနှစ်အတွင်း) ယူအက်စ်နိုင်ငံသား ခံယူဖို့ လျှောက်ထားရန် အထူးအားပေးလိုပါသည်။
- အမေရိကန်ပြည်ထောင်စုသို့ လာရောက်ရန် ကြိုးစားနေသော ဒုက္ခသည်များအနေဖြင့် မိမိ၏မိသားစု (ဝါ) မိတ်ဆွေများ ရှိသေးပါက သူတို့လာရောက်ရန်အတွက် မျှော်လင့်ချက်ရှိပြီး အရှုံးမပေးပါနဲ့။ သို့သော်ခက်ခဲသော သတင်းတစ်ခု (ဝါ) အတိုင်းအတာတစ်ခုထိ နောက်ကျမည့်သတင်း ရှိပါသဖြင့် မိမိကိုယ်ကို ပြင်ဆင်စေလိုပါသည်။

World Relief သည် အစိုးရသစ်မှ အပြောင်းအလဲတစ်ခုခုလုပ်ပြီး ဒုက္ခသည် အခြေစိုက်ချထားမှု ထိခိုက်ခြင်းရှိမရှိ ဆက်လက်ကြည့်ရှုမည်ဖြစ်ပါသည်။ မေလတွင် မိမိတို့သည် ဒုက္ခသည်အစီအစဉ် ပြန်လည်ဖွင့်လှစ်မည့် အကြောင်းထူး သတင်းကို ဝေငှမည်ဖြစ်ပြီး ပိတ်ပင်ထားသည့် နိုင်ငံများအကြောင်းလည်း အခြေချထားမှုတစ်ရပ် အပြောင်းအလဲရှိပါက ချက်ချင်းအသိပေးပါမည်။

အနာဂတ်မှာ ဘယ်အရာတွေဖြစ်ဖြစ် ကျွန်ုပ်တို့သည်ဒုက္ခသည်များနှင့် အခြေစိုက်ချထားပြီးသူများအတွက် ဆက်လက်ရပ်တည်ပေးသွားမည်ဖြစ်ပါသည်။ မိမိတို့သည် သင့်အားချစ်သည်၊ ယုံကြည်သည်၊ ဆက်လက်ရပ်တည်ပေးသွားမည်၊ တတ်နိုင်သည့်ဘက်မှ သင့်အားကာကွယ်မှုပေးသွားမည်ဖြစ်သည်။

World Relief